စိတ်ကူးချိုချိုအနုပညာ

# လိင်
# နှင့်
# ကျား၊မ ဆိုင်ရာနိုင်ငံရေး

ဒေါက်တာထွန်းဝင်း

SEX AND GENDER POLITICS



## စာရေးသူ၏ အမှာ

လိင်နှင့် ကျားမဆိုင်ရာ နိုင်ငံရေး (Sex and Gender Politics) ဆိုတဲ့ ခေါင်းစဉ်ကတော့ နည်းနည်းထူးဆန်းနေပါတယ်။ တကယ်တော့ ဒီလို ခေါင်းစဉ်နဲ့ စာအုပ်မျိုးတွေကို နိုင်ငံခြားစာရေးဆရာတွေ ရေးခဲ့တာ တော်တော်များ ပါပြီ။ ဥပမာ - ထင်ရှားသောစာအုပ်များမှာ Kate Millett ရေးသော Sexual Politics စာအုပ်၊ Donacd G.Mathews & Jane Sherro n De Hart ရေးသော Sex, Gender and the Politics of ERA စာအုပ်များ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တော့ ဤစာအုပ်မျိုး ယခင်က ပေါ်ထွက်ခြ င်း မရှိခဲ့ဘူးလို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံမှာ ယ နေ့ ပါတီစုံဒီမိုကရေစီအစိုးရမတက်ခင် နှစ်ပေါင်း ၅၀ ခန့် နိုင်ငံရေးပ ညာ လေ့လာလိုက်စားမှုနည်းပါးခဲ့ပါတယ်။ ယခုအခါ နိုင်ငံရေးဘာသာ ရပ်ကို အပူတပြင်း လေ့လာကြတဲ့ အခါ နုနယ်တဲ့ အချိန်တိုအတွင်းမှာ ဤလိုခေါင်းစဉ်နဲ့ စာအုပ်မျိုး မတွေ့ရသေးပါဘူး။ နိုင်ငံခြားတိုင်းပြည် တွေမှာ ဒီမိုကရေစီ ရင့်ကျက်လာတော့ နိုင်ငံရေးကစားကွက် Political Game တွေမှာ ရွေ့ကွက်အမျိုးမျိုး၊ လုပ်ဆောင်ချက် အမျိုးမျိုး လုပ်ရပါ တယ်။ အဲဒီအခါမှာ ရှုထောင့်အမျိုးမျိုးကနေ၍ နိုင်ငံရေးဇာတ်ခုံပေါ် ကြ ည့်တဲ့ အခါ လိင်နှင့်ကျား၊ မ ရှုထောင့်ကလည်း ကြည့်မှ ပြည့်စုံတဲ့ မြင် ကွင်းကို ရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားစာရေးဆရာတွေကတော့ အဲဒီရှု ထောင့်နဲ့ ပတ်သက်လို့ သူတို့ ရဲ့ အမြင်၊ သူတို့ မြင်ကွင်း၊ သူတို့ ဒဿန တွေကို တင်ပြထားပါတယ်။ အဲဒီအခါမှာ နိုင်ငံခြားတိုင်းပြည်ရဲ့ နိုင်ငံ ရေးဇာတ်ခုံမြင်ကွင်းနဲ့ မြန်မာပြည်နိုင်ငံရေးဇာတ်ခုံမြင်ကွင်း

မတူတာကြောင့် ကျွန်တော်သည် ဤစာအုပ်ကို ရေးသားရာမှာ နိုင်ငံခြားစာအုပ်တွေက အကြောင်းအရာ Facts များကို မမှီငြမ်းခဲ့ပါဘူး ။ သို့သော် ဒဿနကို တွေးတော ဆင်ခြင်မှုဘောင် (Thinking Frame of Concepts) ကတော့ နိုင်ငံတိုင်း၊ လူမျိုးတိုင်းရှိ စာရေးသူတိုင်း အတူတူပဲ ဖြစ်ပါတယ်။

ဤစာအုပ်ကို ဖတ်ရှုပြီးလျှင် နိုင်ငံရေးအမြင်တစ်မျိုး ထပ်တိုးလာမှာ ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများ ဆွေးနွေးရာတွင် ပိုမိုပီပြင်လာရေးအတွက် ဤစာအုပ်က အနည်းဆုံး အုတ်တစ်ချပ်၊ သဲတစ်ပွင့်မက အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

*



# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

ပညာအရည်အချင်း - M.B.B.S

Dip. D.S, M.P.A

ထမ်းဆောင်ခဲ့သည့် တာဝန်များ - ကိုယ့်အားကိုယ်ကိုး ပြည်သူ့ဆေးရုံတာဝန်ခံ၊ NGO ဆေးရုံ၏ ဆေးအရာရှိ၊ WHO, UNDP, UNOPS နှင့် INGO စီမံကိန်းများ တွင် မြို့နယ်စီမံကိန်း ညှိနှိုင်းရေးမှူး၊ အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူးတာဝန်ခံများ ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲရေး မန်နေဂျာ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲရေး ကိုယ်ပိုင်သင်တန်း

တွေ့ကြုံခဲ့သော အလုပ်ရုံ ဆေးနွေးပွဲများ - နိုင်ငံခြားသားများ နှင့် အတူတက်ရောက်ခဲ့သော ဝပ်ရှော့၊ ညီလာခံ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံ အရေအတွက် ၅၀ ခန့်၊ မိမိကိုယ်တိုင် ဦးစီး၊ NGO ၊ ပြည်တွင်း NGO ၊ ကု

မွဏ္ဍီ၊ တောင်သူဦးကြီးများကို ကျင်းပပေးခဲ့သော ဝပ်ရှော့အရေအတွက် ၅၀ ခန့်။

လက်ရှိအလုပ်အကိုင် - စာရေးဆရာနှင့် Freelance National Consultant to NGOs Companies ရေးသားခဲ့သော ဆောင်းပါးပုဒ်ရေ - ၇,၀၀၀ ခန့်


ရေးသားပြီးလုံးချင်း - ၂၁ အုပ်


မြန်မာမဂ္ဂဇင်းများ တွင် စတင်ရေးသားသောခုနှစ် - ၁၉၈၇

နိုင်ငံခြားမဂ္ဂဇင်းတွင် စတင်ရေးသားသောခုနှစ် - ၂၀၀၀


မိမိဘဝမျှော်လင့်ချက် - လူ့ဘဝဝဃ် မသေမီစပ်ကြား၌ ပျားရည်ထုတ်လုပ်ပေးသော ပျားတစ်ကောင်လောက်တော့ အနည်းဆုံးတန်ဖိုးရှိချင်သည် ။


ဤစာအုပ်အတွက် မျှော်လင့်ချက် အတိုင်းအတာ - ဖွံ့ဖြိုးသောတိုင်းပြည် တည်ဆောက်ရာတွင် အနည်းဆုံး အုတ်တစ်ချပ် သဲတစ်ပွင့်ပမာဏ။


KATE MILLETT
SEXUAL
POLITICS
WORLD
BESTSELLER


WOMEN,
SEXUALITY
AND THE POLITICAL
POWER OF
PLEASURE

*


20TH ANNIVERSARY EDITION
THE SEXUAL POLITICS OF MEAT
A FEMINIST-VEGETARIAN CRITICAL THEORY
CAROL J. ADAMS




## လိင်ကိစ္စကို အခြေပြု၍ နိုင်ငံရေးလောက၊

## ရာထူးရာခံလောကမှာ တွတ်တဲ့ တံတောင်

တစ်ကမ္ဘာလုံးက သိပြီးဖြစ်တဲ့ ကိစ္စရပ်တစ်ခုကို ဥပမာတင်ပြလိုပါသည်။ အမေရိကန်သမ္မတကြီး ဘီလ်ကလင်တန်နဲ့ သမ္မတအိမ်ဖြူတော်

အလုပ်သင်ဝန်ထမ်း မော်နီကာလူဝင်းစကီးတို့ ရဲ့ ဇာတ်လမ်းပါ။

သမ္မတနဲ့ အလုပ်သင်ဝန်ထမ်းမိန်းကလေးတို့ အိမ်ဖြူတော်မှာ ရည်းစားဖြစ်ကြသည် ။ အစပိုင်းမှာ တော့ ဒီကိစ္စကို ဖုံးထားဖိထားနိုင်ပါသည် ။ အနံ့နည်းနည်းထွက်လာသော ဒီကိစ္စကို မပေါ်ပေါ်အောင် စုံစမ်းတာ ဒေါ်လာသန်း ၄၀ အကုန်ခံ၍ စုံစမ်းသည် ဟု သိရပါသည် ။ နောက်ဆုံးတော့ အချစ်တော်ဇာတ်လမ်း ပေါ်သွားပြီး သမ္မတ၏ ထိုင်ခုံနည်းနည်း လှုပ်သွားပါသည် ။ ဝေဖန်ကြ၊ ရေးသားကြ၊ ကဲ့ရဲ့ ကြ၊ ရှုတ်ချကြနဲ့ အလုပ်တွေ တော်တော် ရှုပ်ခဲ့တာ အားလုံးသိကြပြီး ဖြစ်ပါမည်။

စာရေးသူ ကျွန်တော်သည် ဒီကိစ္စကိုရှုထောင့်အမျိုးမျိုးကို စဉ်းစားကြည့်ပါသည် ။ ဒီကိစ္စကို အားကြိုးမာန်တက် စုံစမ်းသူတွေက မော်နီကာ လူဝင်စကီးရဲ့ နစ်နာမှုအတွက် မခံမရပ်နိုင်လို့ အမှန်ကို ဖော်ထုတ်ချင်တာလားဆိုတော့ မဟုတ်ပါဘူး။ ဒီလိုဇာတ်လမ်းမျိုးဟာ အမေရိကန်အပါအဝင် ကမ္ဘာပေါ်မှာ ဒုနဲ့ ဒေးပါ။ တခြားဇာတ်လမ်းတွေထဲက နစ်နာသွားတဲ့ မိန်းကလေးတွေအတွက်တော့ မစုံစမ်းပါ။ ဒီအမှုတစ်ခုကိုသာ သဲသဲမဲမဲ လိုက်ကြတာပါ။

သမ္မတကလင်တန်ရဲ့ ဇနီး ဟီလာရီကလင်တန်အတွက် စိတ်မကောင်းဖြစ်ပြီး အမှုမှန်ဖော်ထုတ်တာလားဆိုတော့လည်း မဟုတ်ပါ။ ပထမဇနီးရှိလျက်နဲ့ ဖောက်ပြန်နေတဲ့ အမျိုးသားတွေ အမေရိကန်မှာ ဒုနဲ့ ဒေးပါ ။ ၎င်းအမှုကိစ္စများကိုတော့ အချိန်ကုန်၊ ငွေကုန် လုပ်အား အကုန်ခံပြီး စုံစမ်းမနေကြပါ။ သမ္မတကလင်တန်ကိုသာ သဲသဲမဲမဲ စုံစမ်းနေကြခြင်း ဖြစ်ပါသည် ။

ဒီတော့ ကောက်ချက်ချလို့ ရတာက ဒီလိုလုပ်ရပ်မျိုးကို တိုက်ခိုက်တာမဟုတ်ဘဲ သမ္မတရာထူးကို တိုက်ခိုက်တာ ဖြစ်ပါတယ်။ တိုက်ကြ

သူတွေက နိုင်ငံရေးပြိုင်ဘက်များ ဖြစ်ပါတယ်။ သမ္မတကလင်တန်သာ သာမန်ကုန်သည် လေးတစ်ယောက်ဆိုရင် ဒီကိစ္စကို အထူးအဆန်းလုပ်ပြီး စကားထဲ ထည့်ပြောမည် မဟုတ်ပါ။ ဒီလိုအဖြစ် အပျက်မျိုးသည် သင်ခန်းစာယူတတ်လျှင် အဖိုးတန်သင်ခန်းစာ ဖြစ်ပါသည် ။ ဒီလိုအဖြစ်အပျက်မျိုးသည် သမ္မတအိမ်ဖြူတော်၌ သာမဟုတ် သာမန်ရုံး၊ ကုမ္ပဏီအဖွဲ့တို့ အတွင်း၌ လည်း ဖြစ်နိုင်ပါသည် ။

ကုမ္ပဏီအတွင်း၌ အညွှန့်တလူလူနှင့် အမျိုးသားမန်နေဂျာများ သည် တစ်ချိန် အထွေထွေမန်နေဂျာ၊ အမှုဆောင်အရာရှိချုပ် CEO အလောင်း အလျာများ ဖြစ်ကြပါသည် ။ တက်လမ်းတစ်ခုအတွက် ပြိုင်ဘက်ဆိုတာ လည်း ရှိစမြဲ ဖြစ်ပါသည် ။ ယှဉ်ပြိုင်ကြရသောအခါ ပညာအရည်အချင်း ၊ လူမှုဆက်ဆံရေး ပြေပြစ်မှုတို့ ယှဉ်ပြိုင်ကြရပါမည်။

လူ့သဘာဝ စိတ်သဘောသည် အမျိုးမျိုး ရှိပါသည် ။ ယှဉ်ပြိုင်ရာမှာ နိုင်သူရှိသလို ရှုံးတဲ့ လူလည်း ရှိပေမည်။ အချို့က အရှုံးကို လက်ခံနိုင်ကြပေမယ့် အချို့က အရှုံးဆိုတာကို လက်မခံလိုကြပေ။ သမားရိုးကျနည်းနဲ့ ယှဉ်လို့ မရရင် ခြားနည်းနဲ့ တိုက်ချင်ကြတာ ရှိတတ်သည် ။ အခြားနည်းဟု ဆိုရာတွင် အမျိုးသားမန်နေဂျာများအား မိန်းမကိစ္စနှင့် နာမည်ဖျက်ခြင်းသည် အတော်အတန် ထိရောက်သော နည်းဗျူဟာ တစ်ခု ဖြစ်ပါသည် ။ ဟုတ်လို့ နာမည်ပျက်ကြတာတွေလည်း ရှိပါသည် ။ တချို့ကတော့ အမျိုးသား မန်နေဂျာများအား ဖျက်ဆီးရန်၊ နာမည်ဖျက်ရန်၊ မိန်းကလေးတချို့အား တမင်စေခိုင်းတာမျိုးလည်း ရှိတတ်ပါသည် ။

မိန်းမကိစ္စ အရှုပ်အရှင်းဆိုတာလည်း အတင်းပြောရာတွင် ခံတွင်းအတွေ့ဆုံး ခေါင်းစဉ်များ ၌ တစ်ခုအပါအဝင် ဖြစ်ပါသည် ။ မန်နေဂျာတစ်

ယောက်ကို ငွေစာရင်းကိုင်တာ ညံ့တယ်၊ ရုံးတက်နောက်ကျတယ် စသည် ဖြင့် အတင်းပြောသော်လည်း နားထောင်လို့ သိပ်မကောင်း။ ဘယ်တုန်းကပေ့ါ၊ ဘယ်မိန်းကလေးနှင့် ဘယ်လိုဆိုပြီးပြောပါမှ ပြောသူရော၊ နားထောင်သူပါ အာသာပြေတတ်ပါသည် ။

ဒီတော့ တက်လမ်းရှိသော၊ ရည်မှန်းချက်ကြီးသော နိုင်ငံရေးသမားများ နှင့် အမျိုးသားမန်နေဂျာများ သည် ဤအချက်ကို သတိပြုရန် လိုပါသည် ။ တစ်ခါတစ်ရံလည်း မိန်းကလေးတစ်ယောက်ယောက်ကို တမင်စေခိုင်း၍ နာမည်ပျက်အောင် လုပ်တတ်ပါသည် ။ ဒီတော့ အမျိုးသားအရာရှိ မန်နေဂျာများ သည် မိမိအား မိန်းကလေးတစ်ယောက်က လမ်းခင်းလာသော် အရိုးခံသက်သက်နှင့် ရေလာမြောင်းပေးလုပ်တာလား၊ နာမည်ဖျက်လို၍ လားဆိုတာတော့ စိစစ်တတ်ဖို့ လိုပါမည်။

တစ်ခါက ကုမ္ပဏီတစ်ခုတွင် အမျိုးသမီး အထွေထွေမန်နေဂျာ၊ အမျိုးသားမန်နေဂျာ၊ အမျိုးသား လက်ထောက်မန်နေဂျာတို့ ရှိကြသည် ။ အမျိုးသားမန်နေဂျာသည် လွန်ခဲ့သော ၁၀ နှစ်ကျော်က အိမ်ထောင်ကျခဲ့ပြီး ၎င်းပထမအိမ်ထောင်နှင့် ကွာရှင်းခဲ့သည် ။ ၎င်းနောက် ဒုတိယအိမ်ထောင်ပြုသည် ။ ဒုတိယအိမ်ထောင်နှင့်လည်း အိမ်ထောင်သက် ၁၀ နှစ်ကျော်ပြီ။ ဤတွင် အမျိုးသမီးလက်ထောက် မန်နေဂျာက အမျိုးသားမန်နေဂျာသည် မိန်းမရှုပ်သူဖြစ်ကြောင်း အမျိုးသမီးအထွေထွေ မန်နေဂျာသို့ သတင်းပို့သည် ။ တိုက်တိုက်ဆိုင်ဆိုင်ပင် အမျိုးသမီးအထွေထွေ မန်နေဂျာမကြီးသည် တစ်ချိန်က ၎င်း၏ ချစ်သူ သစ္စာဖောက်တာကို ခံထားရ၍ မိန်းမကိစ္စနှင့် အနံ့ထွက်သော အမျိုးသားများကို အလွန်မုန်းနေတတ်သူ ဖြစ်ပါသည် ။ ထို့ကြောင့် မိမိလက်အောက်ရှိ အမျိုးသားမန်နေဂျာကို မုန်းပြီး အပြစ်ရှာ အငြိုးထားပါတော့သည် ။ အစီရင်ခံစာရေးတာ ညံ့တယ်၊ ငွေစာရင်းတွက်တာ နည်းလမ်းမကျဘူး စသည် ဖြင့် တစ်ခုမဟု

တ် တစ်ခု အပြစ်ရှာနေပါတော့သည် ။

အမျိုးသားမန်နေဂျာကလည်း မိမိကို အထက်အရာရှိက တမင်အပြစ်ရှာနေတာကို သိပေမယ့် ဘာကြောင့်ရယ်တော့ သေသေချာချာ မသိပေ။ သို့နှင့် အလုပ်ထွက်ကာ တခြားကုမ္ပဏီတစ်ခုကို ပြောင်းသွားပါတယ်။ ထိုအခါ အမျိုးသမီးလက်ထောက်မန်နေဂျာက အလုပ်ထွက်သွားသော အမျိုးသားမန်နေဂျာ၏ ရာထူးကို အသာလေး ဝင်ယူလိုက်တော့သည် ။ ပုထုဇဉ်လောကမှာ ဒီလိုအဖြစ်မျိုးကလည်း ဆန်းတယ်လို့ တော့ မဆိုသာပါ။

တစ်ခါတုန်းကလည်း စီမံကိန်းရုံးတစ်ခုမှာ သမီးရည်းစားစုံတွဲ လေးတွဲဖြစ်နေကြပါတယ်ဆိုပြီး အထက်ရုံးကို တိုင်စာရောက်ပါသည် ။ တိုင်တဲ့ သူက အရာရှိတစ်ယောက်ပါ။ သေသေချာချာ စိစစ်ကြည့်တော့ တိုင်သူနဲ့ တိုင်ကြားခံရသူ စုံတွဲလေးတွဲတို့ က ခင်ခင်မင်မင်ပါပဲ။ ဘာပြဿနာမှ မရှိပါဘူး။ သူတိုင်ချင်တာက စုံတွဲလေးတွဲကို မဟုတ်ပါ။ ၎င်းရုံး၌ အမျိုးသားစီမံကိန်းအရာရှိအဆင့် (National Level) အရာရှိတစ်ဦးသည် ရုံးတာဝန်ခံအဖြစ် ရုံးထိုင်နေပါသည် ။ ၎င်းအရာရှိသည် ဆုံးမမှုအားနည်းကြောင်း တိုင်ကြားတာ ဖြစ်ပါသည် ။ အရင်းအမြစ်ကို သေချာစစ်တော့ စီမံကိန်းပြီးခါနီးပြီဖြစ်၍ နောက်ထပ်စီမံကိန်းအသစ်အတွက် အမျိုးသားစီမံကိန်းအရာရှိနေရာကို တိုင်ကြားသူအရာရှိက ယှဉ်ပြိုင်လျှောက်ထားရန် ရှိလေတော့ မူလလူအား ကြိုတင်ထိုးနှက်ထားခြင်း ဖြစ်ပါသည် ။

အထက်ပါ အဖြစ်အပျက်များကို အခြေခံ၍ အောက်ပါသင်ခန်းစာကို ရလိုက်ပါသည် ။

**မိန်းမရှုပ်တဲ့ ပြဿနာတိုင်းသည် မိန်းမကိစ္စ ပြဿနာမဟုတ်။**

ရာထူးလုသော ပြဿနာမျိုး ဖြစ်နေတတ်ပါသည် ။

*

## မိန်းမလျှာအခွင့်အရေး Gay's Right နှင့် နိုင်ငံတော် ဖွံ့ဖြိုးရေး ဆက်စပ်ပုံ

လွန်ခဲ့သော ၂ နှစ်ခန့်က အသက် ၁၇ နှစ်နှင့် ၁၅ နှစ်အတွက် အသီးသီးရှိကြသော ကျွန်တော်၏ သမီးနှစ်ယောက်သည် သူတို့ ၏ အဒေါ်ဖြစ်သူ ထိုင်းနိုင်ငံသို့ ဘုရားဖူးသွားရာတွင် အဖော်အဖြစ် ဘန်ကောက်မြို့သို့ လိုက်သွားကြပါသည် ။ ပြန်လာတော့ သမီးကြီးက ကျွန်တော့်အတွက်ဟု ဆိုကာ ဘန်ကောက်မှ ဝယ်လာသော တီရှပ်သုံးထည် လက်ဆောင်ပေးသည် ။ ငယ်ငယ်ကတည်းက ဖအေနားအလွန်ကပ်ပြီး ဖအေကိုလည်း နောက်တတ်သည့် သမီးငယ်ကတော့ "ဖေဖေကြီးအတွက် သမီးလည်း လက်ဆောင်ဝယ်လာတယ်" ဟု ပြောရာ ကျွန်တော်က ဟုတ်လား သမီးဟု အလိုက်သင့် ပြန်ပြောတော့ သူမက "သမီးဝယ်လာတဲ့ လက်ဆောင်က ဖေဖေအကြိုက်" ဟု ထပ်၍ ကွန့်ပါသည် ။ 'ဘာများ လဲ သမီးရဲ့ ' ဟု မေးတော့ သမီးက 'ရော့ ဖေကြီး၊ ဖေကြီးအကြိုက်လေးတွေ' ဟု ပြောပြီး ဓာတ်ပုံတစ်ပုံကို ထုတ်ပေးပါတော့သည် ။ ကျွန်တော်က ဓါတ်ပုံကိုကြည့်လိုက်တော့ 'အောင်မလေးဟဲ့' ဟု ပင် ပါးစပ်က ယောင်၍ ထွက်သွားပါသည် ။

ဓာတ်ပုံထဲမှာ ရေကူးဝတ်စုံနှင့် ခန္ဓာကိုယ်အလှကို အထူးပြုထားသည့် အလွန်ချောသော မိန်းကလေးငါးယောက်လောက် စင်ပေါ်တက်၍ သီချင်းဆိုနေသည့်ပုံ ဖြစ်ပါသည် ။ ၎င်းမိန်းကလေးများ သည် မျက်နှာရော၊ ကိုယ်လုံးကိုယ်ပေါက်ရော၊ ကိုယ်ဟန်အနေအထားရော ပြောစရာမ

ရှိအောင် လှသည် ။ ခြောက်ပြစ်ကင်း သဲလဲစင်အလှဟု ဆိုနိုင်ပါသည် ။ ကျွန်တော်က ပါးစပ်က 'အောင်မလေးဟဲ့' ဟု ယောင်၍ အသံထွက်သွားခြင်းမှာ သူတို့ ၏ အလှကိုရင်ဖိုသွား၍ ဟု စာဖတ်သူတို့ ကျွန်တော့်အား အထင်မလွဲစေလိုပါ။ ကျွန်တော်၏ အသက်အရွယ်သည် ရင်ခုန်ရမည့်အရွယ် မဟုတ်။ ၁၅ နှစ်သမီးက ဖအေကို ဒီလိုပုံမျိုး လက်ဆောင်ပေးတော့ လန့်သွားတာပါ။ နောက်စရာရှားလို့ ကိုယ့်ဖအေကို ဒီလိုနောက်ရသလားဆိုပြီး သမီးငယ်ကို ဆုံးမလိုက်ရသေးသည် ။ သမီးငယ်က ဆက်၍ ပြောသည် မှာ "ဖေကြီး၊ သူတို့ က ယောကျ်ားဘ၀ကနေ ခွဲစိတ်ခံပြီး မိန်းမဘ၀ကို ပြောင်းထားတာ" ဟု ပြောပြပါသည် ။ ပြီးတော့...

"သူတို့ က ပွင့်ပွင့်လင်းလင်းပဲ၊ သူတို့ ခွဲစိတ်ခဲ့ပြီး လိင်ပြောင်းထားတာလို့ လည်း ပွင့်ပွင့်လင်းလင်း ပြောတယ်။ ဓာတ်ပုံလည်း အရိုက်ခံတယ်။ သူတို့ ရဲ့ ဘ၀အမှန်ကို ဘယ်သူဘာပြောပြော သူတို့ က ပြဿနာမရှိဘူး။ ပတ်ဝန်းကျင်နဲ့ လည်း ပြဿနာမရှိဘူး" ဟု သမီးငယ်က ကလေးတစ်ဦးအနေနှင့် သူသိသလောက် တိုတိုတုတ်တုတ် ပြောလိုက်သော်လည်း သူ့စကားအရ ထိုင်းနိုင်ငံ၏ ကျန်းမာရေးအခြေအနေ အဆင့်အတန်းတစ်ခုကို ကျွန်တော် ချက်ချင်း အကဲခတ်လိုက်မိသည် ။

ဘယ်လိုအကဲခတ်လိုက်မိတာလဲ ရှင်းပြပါမည်။ ကမ္ဘာ့ကျမ်းမာရေးအဖွဲ့ကြီးက ကျန်းမာရေး (Health) ကို အဓိပ္ပာယ်သတ်မှတ်သည် မှာ -

"ကျန်းမာခြင်းဟူသည် မှာ ရောဂါကင်းရှင်းနေရုံသာမဟုတ် ကိုယ်၏ ကျန်းမာခြင်း (ကာယသုခ)၊ စိတ်၏ ကျန်းမာခြင်း (စိတ္တသုခ)တို့ အပြင် လူမှုရေးသုခနှင့် ပြည့်စုံနေခြင်းဖြစ်သည် " ဟု ဆိုပါသည် ။ ဒီတော့ ယောကျ်ားဘ၀နှင့် မိန်းမစိတ်ပေါက်နေသူတစ်ယောက်ကို

မြင်ယောင်ကြည့်ပါ။

သူ့မှာ ရောဂါကင်းရှင်းနေမယ်ဆိုပါစို့။ ဒါဆိုရင် ကာယသုခတော့ ရှိပါတယ်။ ဒါပေမဲ့ ဖြစ်ချင်တဲ့ မိန်းမဘဝကို တကယ်မဖြစ်ရရှာဘူး။ ဒီတော့ စိတ်မချမ်းသာဘူး။ ဒီတော့ စိတ္တသုခနဲ့ မပြည့်စုံဘူး။ ဒါတင် ဘယ်ကမလဲ ပတ်ဝန်းကျင်လည်း သိပ်ပြီး အဖက်မလုပ်ဘူး။ မိန်းမလျာ (ဘန်းစကားနဲ့ ဆိုရင် အခြောက်) ဆိုပြီး ပစ်ပယ်ထားမယ်။ ဒီတော့ ကျန်းမာရေးသုခနဲ့ မပြည့်စုံတော့ဘူး။ ဒီတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရဲ့ သတ်မှတ်ချက်နဲ့ ချိန်ထိုးကြည့်ရင် ကာယသုခပဲ ပြည့်စုံတယ်။ စိတ္တသုခနဲ့ လူမှုရေးသုခ မပြည့်စုံဘူး။ ဒီတော့ မိန်းမလျာတွေကို မကျန်းမာကြရှာဘူးဟု ပြောနိုင်ပါသည် ။ လူတွေနားလည်တဲ့ ကျန်းမာခြင်းဆိုတာကလည်း ရောဂါ ရှိမရှိဆိုတဲ့ ပေတံနဲ့ ပဲ တိုင်းတာကိုး။ လူရာဝင်မဝင်၊ လူဝင်ဆန့်မဆန့် ဆိုတဲ့ အချက်လည်း ပါသေးတယ်ဆိုတာ လူတွေသိပ်မသိကြပါဘူး။ ဒါပေမဲ့ ထိုင်းနိုင်ငံမှာ ကျွန်တော့်သမီးငယ် တွေ့ခဲ့တဲ့ စင်ပေါ်တက်ပြီး သီချင်းဆိုနေတဲ့ ရေကူးဝတ်စုံဝတ်ပြီး "ကျား" ဘဝမှ "မ" ဘဝသို့ ပြောင်းထားကြသူများကတော့ သိပ်လှပြီး မြင်သူငေးနေရတယ်။ ရောဂါမရှိဘူး။ ဒီတော့ ကာယသုခနဲ့ ပြည့်စုံနေပြီး ခွဲစိတ်လိင်ပြောင်းထားလို့ ဖြစ်ချင်သလို ဖြစ်လာရပြီဆိုတော့ စိတ်ချမ်းသာပြီပေါ့။ ဒီတော့ စိတ္တသုခနဲ့ ပြည့်စုံပြီး သူတို့ က သူတို့ အကြောင်းကို ပွင့်ပွင့်လင်းလင်း ပတ်ဝန်းကျင်မှာ ချပြရဲတယ်။ ပတ်ဝန်းကျင်နဲ့ လည်း ပြဿနာမရှိဘူးဆိုတော့ လူမှုရေးသုခနဲ့ လည်း ပြည့်စုံပြီပေါ့။ ဒီတော့ သူတို့ ကျန်းမာကြသည် ။ ဒီလို ကျန်းမာရေးအနေအထားတစ်ခုကို ရောက်ဖို့ ပတ်ဝန်းကျင်၏ နားလည်ပေးမှု Understanding နဲ့ လည်း ဆိုင်တယ်။ တစ်နည်းအားဖြင့် Development status of social environment (ခေါ်) လူမှုပတ်ဝန်းကျင်၏ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လည်း ဆိုင်ပါသည် ။

ဥပမာတစ်ခုပြောရသော် အကယ်၍ လူတစ်ဦးကို သူ့ရဲ့ ပတ်ဝန်းကျင်က ဝိုင်းပယ်လာတယ်ဆိုပါစို့။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဓိပ္ပာယ်သတ်မှတ်ချက်အရ သူဟာ ကျန်းမာသူ မဟုတ်ပါဘူး။။ ဇဖ ပါးရောဂါဝေဒနာ ကင်းစင်နေသော်လည်း လူမှုရေးသုခ သူ့မှာ မပြည့်စုံပါ။ ထို့အပြင် သူ့ကို ဝိုင်းပယ်ထားသော ပတ်ဝန်းကျင်သည် လည်း ဖွံ့ဖြိုးရေးအဆင့်အတန်း မြင့်နေသည့် Development status ဟု မဆိုသာပါ။ စာနာစိတ် နည်းနေသေးသည် ဟု ဆိုနိုင်ပါ၏။

ဘန်ကောက်မြို့က ပြန်လာတဲ့ ၁၅ နှစ်အရွယ် ကျွန်တော့်သမီးက ဘန်ကောက်မှာ ယောကျ်ားဘဝမှ မိန်းမဘဝသို့ ခွဲစိတ်လိင်ပြောင်းထားသူတွေ ပတ်ဝန်းကျင်နဲ့ ပြဿနာမရှိဘူး။ ပတ်ဝန်းကျင်မှာ မသိမ်ငယ်ရဘူး ဆိုတော့ အဲဒီပတ်ဝန်းကျင်ရဲ့ Development ဟာ မြင့်မားနေပြီဟု ကောက်ချက်ချမိပါသည် ။

မကြာသေးမီက ဂျာနယ်တစ်စောင်တွင် နိုင်ငံခြားတိုင်းပြည်တစ်ခုမှာ "ကျား" ဘဝမှ "မ" သို့ ခွဲစိတ်လိင်ပြောင်းသော ဦးရေအရေအတွက် အလွန်များ နေပါသည် ဟု ရေးခဲ့ရာ စာဖတ်သူတချို့က ပြဿနာတွေတော့ များကုန်ပါပြီဟု စုတ်သပ်နေကြသည် ကို တွေ့ခဲ့ဖူးပါသည် ။ တကယ်တော့ ကျားဘဝကနေ ခွဲစိတ်လိင်ပြောင်းလိုက်သော အရေအတွက် များ လာခြင်းသည် ပြဿနာများ လာခြင်း မဟုတ်။ ပြဿနာဖြေရှင်းခြင်းများ သာ ဖြစ်၏။

Problem များ ခြင်း မဟုတ်၊ Problem solution များ လာခြင်း ဖြစ်ပါသည် ။ ခွဲစိတ်လိင်မပြောင်းဘဲ ဒီအတိုင်းထားတော့ကော ၎င်းပုဂ္ဂိုလ်တို့သည် ယောကျ်ားစိတ် ပြန်ပေါက်မှာ တဲ့ လား။ ယောကျ်ားစိတ်ပြန်မပေါက်သည့်အပြင် ယောကျ်ားအင်္ဂါနှင့် မိန်းမစိတ်ဖြစ်နေပြီး ပြဿနာများ

တော့၏။ ပြဿနာကတော့ လိင်တူဆက်ဆံခြင်း (Homo Sex) နှင့် လူမှုရေးပြဿနာအမျိုးမျိုး ဖြစ်၏။ ၎င်းတို့ ကို M.S.M (Men Sex with men) ဟု ခေါ်ပါ၏။ M.S.M တို့ ၌ အိတ်ချ်အိုင်ဗွီအန္တရာယ်လည်း မြင့်မားနေတတ်ပါသည် ။

ကျွန်တော်သည် အိတ်ချ်အိုင်ဗွီကာကွယ်ရေးစီမံကိန်း၌ တာဝန်ထမ်းဆောင်ဖူးသဖြင့် M.S.M ပေါင်းများ စွာနှင့် ခင်မင်ရင်းနှီး အသိအကျွမ်းဖြစ်ခဲ့ဖူးပါသည် ။ များ သောအားဖြင့် M.S.M တို့ သည် အပယ်ခံများဖြစ်ကြပါသည် ။ အနည်းဆုံးတော့ သူတို့ ကို "ဟား" စရာဟု ယူဆကြပါသည် ။ တချို့ကတော့ ကမ္ဘာပေါ်တွင် အိတ်ချ်အိုင်ဗွီကူးစက်နှုန်း မြင့်မားအောင် လုပ်သူတွေထဲမှာ သူတို့ လည်း ပါတယ်ဟု အပြစ်တင်တတ်ကြပါသည် ။ မြန်မာနိုင်ငံမှ M.S.M များ တွင် အချို့မှာ ချမ်းသာပြီး ကံထူးကြပါသည် ။ ဘာကြောင့်လဲဆိုတော့ ထိုင်းနိုင်ငံသို့ ကျွန်တော် သိရသလောက် ဘုရားဖူးလိုလိုသွားပြီး ခွဲစိတ်လိင်ပြောင်းခဲ့ကြပါတယ်။ ဒီတော့ ကိုယ်ဖြစ်ချင်တဲ့ ဘဝကို ကိုယ်ရောက်ရပြီး အတိုင်းအတာတစ်ခုအထိတော့ စိတ်ချမ်းသာရပါတယ်။ ဒါပေမဲ့ လုံးလုံးလျားလျားတော့ မပျော်ရပါ။ ဘာကြောင့်လဲဆိုတော့ ငါတော့ မိန်းမလုံးလုံးဖြစ်ပြီပော့လို့ မကြေညာရပါ။ မိမိရဲ့ ပြောင်းလဲသွားတဲ့ ဘဝကို ပတ်ဝန်းကျင်သို့ ပေါ်ပေါ်တင်တင် အသိမပေးရတာ ကျွန်တော်တို့ အသိမိတ်ဆွေတွေထဲတွင် ရှိပါသည် ။

တချို့က ပြောကြပြန်ပါသည် ။ "ကျား" ဘဝမှ "မ" ဘဝသို့ ခွဲစိတ်လိင်ပြောင်းခြင်းသည် ဥပဒေအရ ပြစ်မှုမြောက်သည် ဟု ဆိုကြပြန်၍ အပယ်ခံ M.S.M တို့ ခမျာ သွေးလန့်ကြရာပါသည် ။ တပ်လိုက်တဲ့ ဥပဒေပုဒ်မက အကြီးကြီးမှ တကယ့်အကြီးကြီးပါ။ မြန်မာနိုင်ငံရာဇသတ်ကြီးခေါ် ပြစ်မှုဥပဒေ ၃၂၆ တွင် လူတစ်ဦး၏ ကိုယ်အင်္ဂါတစ်ခု

ခုကို ပျက်စီးစေလျှင် ကျွန်းဒဏ်အထိ ပြဋ္ဌာန်းထားပါသည် ။ ဒီတော့ ယောက်ျားလိင်အင်္ဂါကြီးကို ခွဲစိတ်ဖြတ်တောက်လိုက်တော့ ကိုယ်အင်္ဂါ တစ်ခုကို ဖျက်ဆီးလိုက်တာပဲဆိုပြီး ဒီပုဒ်မကြီးတပ်လိုက်တော့ သွေးပျက်ကုန်ကြရှာပါသည် ။

### ကိုယ်အင်္ဂါ ပျက်စီးစေခြင်းလား၊ ဆေးကုသခြင်းလား

လူတစ်ဦးနှင့် တစ်ဦး ရန်ဖြစ်၍ ဒေါသအလျှောက် ဓားနှင့်ခုတ်လိုက်၍ တစ်ဖက်လူ လက်ပြတ်သွားသော် ကိုယ်အင်္ဂါပျက်စီး၍ ဒုက္ခိတဖြစ်သွားသဖြင့် ပြစ်မှုဥပဒေပုဒ်မ ၃၂၆ နှင့် အကျုံးဝင်ပါသည် ။ သို့သော် ဆီးချိုလူနာတစ်ယောက် ဆီးချိုအလွန်ပြင်းထန်ပြီး ခြေထောက်အနာဖြစ်၍ ခြေထောက်ပုပ်သဖြင့် အသက်အန္တရာယ်ရှိ၍ ဆရာဝန်က ၎င်းခြေထောက်ကို ဖြတ်ရသော် ဒီကိစ္စက ကိုယ်အင်္ဂါကို ပျက်စီးစေခြင်းဟု အဓိပ္ပာယ်မမှတ်ဘဲ ဆေးကုသခြင်းဟု အဓိပ္ပာယ်သတ်မှတ်၍ ပုဒ်မ ၃၂၆ နှင့် အကျုံးမဝင်ပြန်ပါ။

ဒီတော့ M.S.M တစ်ယောက်ရဲ့ လိင်အင်္ဂါကို ဖြတ်တောက်လိင်ပြောင်းရာ၌ ဤကိစ္စသည် ဆေးကုသပေးခြင်းဖြစ်ပါသည် ဟု လျှောက်လဲနိုင်ပါသည် ။ တကယ်တော့ ခွဲစိတ်လိင်ပြောင်းထားခြင်းကို တားမြစ်သော အထူးဥပဒေမရှိသလို ခွင့်ပြုထားသော ပြဋ္ဌာန်းချက်လည်း မရှိပါ။ ဤအမှုကိစ္စမျိုးကို တိုင်ကြားတရားစွဲဖူးခြင်းမရှိ၍ စီရင်ထုံးလည်း မရှိသေးပါ။

တချို့သော ဥပဒေရေးရာ အငြင်းပွားမှုများ တွင် ကိုးကားစရာ ဥပဒေရှာမတွေ့ဘဲ စီရင်ထုံးများကို ကိုးကားရပါသည် ။ စီရင်ထုံးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အမြင့်ဆုံးတရားရုံးဖြစ်သော တရားရုံးချုပ်၏ စုံညီစုံရုံးက ဆုံးဖြတ်ပေးဖူးသော အမှုတစ်ခု၏ ဆုံးဖြတ်ပုံ (ဝါ) ဖြတ်ထုံး (ဝါ)

စီရင်ထုံးဖြစ်ပြီး အောက်တရားရုံးအားလုံးက လိုက်နာပါသည် ။ ဥပမာ မြန်မာလင်မယားတို့ ၌ လင်က မယားကို ကြိမ်ဖန်များ စွာ ပါးရိုက်သော် မယားကို ကွာရှင်းခွင့် ပြုရမည်ဟု အတိအလင်း တိတိကျကျ ပြဋ္ဌာန်းချက်မရှိ၍ ပါးရိုက်ခံရသော မယားက တရားရုံးတွင် လင်မယားကွာရှင်းခွင့် တောင်းသော် တရားရုံးအမျိုးမျိုး၌ မတူညီသော စီရင်ချက်အမျိုးမျိုး ဖြစ်ပေါ်နိုင်ပါသည် ။ သို့သော် ၁၉၆၈ ၌ တရားရုံးချုပ်၏ ၁၉၆၈ တရားမ ပထမ အယူခံအမှု အမှတ် ၁ တွင် ဦးမျိုးမြင့်နှင့် ဒေါက်တာ ခင်မေကြည် စီရင်ထုံး၌ လင်မယားကွာရှင်းခွင့် ပေးခဲ့ပြီး စီရင်ထုံးအဖြစ် ထုတ်ပြန်ခဲ့သည် ။ ထိုစီရင်ထုံးကို ကိုးကား၍ နောက်အခါ လင်မယားပါးရိုက်မှုဖြစ်သော် အောက်ရုံးအားလုံးက စီရင်ထုံးကို လိုက်နာ၍ ကွာရှင်းခွင့် ပေးရသည် ။ ဒါက စီရင်ထုံး ဥပမာတစ်ခုပါ။

သို့သော် M.S.M တို့ လိင်ပြောင်းမှု၌ ယနေ့တိုင် အမှုမဖြစ်သေးသဖြင့် စီရင်ထုံးလည်း မရှိသေးပါ။ M.S.M တစ်ယောက် ခွဲစိတ်ဖြတ်တောက်၍ လိင်ပြောင်းသော် ဥပဒေအရ တကယ်ပင် မိန်းမ ဖြစ်သွားပြီလား။ ဥပမာ လိင်ပြောင်းလိုက်သော် M.S.M ဘဝက လာသူသည် ယောက်ျားတစ်ယောက်ကို တရားဝင် လက်ထပ်ခွင့် ရှိမရှိဟူသော ဥပဒေပြဿနာမျိုး ရှိပါသည် ။ ကျွန်တော်တို့ နိုင်ငံတွင် ဤကိစ္စမျိုး၌ လည်း စီရင်ထုံး မရှိသေးပါ။

## အပယ်ခံလူတန်းစားဆိုသည် မှာ ဘာလဲ

အပယ်ခံရသူတို့ မှာ ဥပမာတစ်ချို့ကတော့ လိင်တူဆက်ဆံသူများ ၊ ပြည့်တန်ဆာများ အနာကြီးဝေဒနာသည် ၊ အေအိုင်ဒီအက်စ် ဝေဒနာသည် စသဖြင့် ဖြစ်ကြပါသည်

တစ်ခါက WHO က အိတ်ချ်အိုင်ဗွီပိုးရှိသူများကို စာနာကြည်ဖြူ လ

က်တွဲကူရန် ဆောင်ပုဒ် ထုတ်ပြန်ခဲ့ဖူးပါသည် ။ စာနာကြည်ဖြူခြင်းသည် Acceptance ပင် ဖြစ်ပါသည် ။ လူမှုရေးအားနည်းချက် ရှိသူများအားဝိုင်းပယ်သော ပတ်ဝန်းကျင်သည် ဖွံ့ဖြိုးမှုနောက်ကျနေသေးပြီး စာနာကြည်ဖြူလက်ခံသင့်သော ပတ်ဝန်းကျင်သည် ဖွံ့ဖြိုးမှုခြေတစ်လှမ်း တိုးလာနိုင်သည် ဟု ဆိုနိုင်ပါသည် ။ ဖွံ့ဖြိုးပြီးဖြစ်သော လူမှုရေးအဆောက်အအုံတစ်ခုတွင် လူမှုရေး အားနည်းသူများကိုပြစ်ပယ်လှောင်ပြောင်ခြင်း၊ ဝိုင်း၍ 'ဟား' ခြင်း မရှိတော့ပါ။

မကြာသေးမီက ကျွန်တော်တို့ နိုင်ငံတွင် ရုပ်ရှင်မင်းသားငယ်လေးတစ်ယောက် လက်ထပ်တော့ သူ၏ သတို့ သမီးအား 'ကျား' မှ 'မ' သို့ ဘဝပြောင်းထားသူပါဟု တစ်စုံတစ်ယောက်က သတင်းလွှင့်ခဲ့သည် ။ တချို့က 'ဟား' သည် ။ ဒါပေမဲ့ တကယ်မဟုတ်တော့ ဟားလို့ မရတော့ဘူး။ သို့သော် တကယ်ဟုတ်နေကြတဲ့ M.S.M တွေခမျာ ဘယ်လောက်အဟားခံနေကြရရှာမလဲ။

တချို့က M.S.M များ နှင့် ပြည့်တန်ဆာများ သည် အေအိုင်ဒီအက်စ်ပြန့်ပွားရေး၌ တရားခံစာရင်း၌ ပါဝင်သည် ဆိုပြီး ၎င်းတို့ ကို အပြစ်တင်ရှုံ့ချကြပါသည် ။ ဤသို့ အပြစ်တင်ခြင်းသည် ကာကွယ်ရေး၏ မှန်ကန်သောနည်းလမ်း Right Method မဟုတ်ပါ။ သူတို့ အား စည်းခြားထားသော လူမှုရေးအတားအဆီး Social Barrier အားနည်းပါစေလျက် ကာကွယ်ရေးနည်းလမ်းများ (ဥပမာ-ကွန်ဒုံး စသည် ဖြင့်)ကို အလေ့အထအလေ့အကျင့်ဖြစ်စေခြင်းဖြင့်သာ အိတ်ချ်အိုင်ဗွီကို တားဆီးရပါမည်။

**ဖွံ့ဖြိုးခြင်း**

Development is a change towards positive directions ဟု ဆိုပါသည် ။ ဖွံ့ဖြိုးခြင်းသည် ကောင်းသောဘက်သို့ ပြောင်းလဲခြင်းဖြစ်ပါသ

ည် ။ တချို့က အာကာသယာဉ်စီး၍ ကမ္ဘာပတ်မှ ဖွံ့ဖြိုးခြင်းဟု ထင်ကြပါသည် ။ တကယ် ဖွံ့ဖြိုးခြင်းသည် အခန်းကဏ္ဍ Sector များ စွာ ရှိပါသည် ။ အာကာသယာဉ်စီး၍ ကမ္ဘာပတ်နိုင်ခြင်းသည် သိပ္ပံနည်းပညာကဏ္ဍ ဖွံ့ဖြိုးခြင်းသာ ဖြစ်ပြီး ပိုမို အရေးကြီးသည် မှာ လူမှုရေးကဏ္ဍများ Social Sector များ ပါဝင်သည် ။

အပယ်ခံများ အတွက် စာနာလက်ခံ လုပ်ပေးနိုင်ခြင်းသည် လည်း ဖွံ့ဖြိုးခြင်းပင် ဖြစ်ပါသည် ။ ကျွန်တော်တို့ သည် လောလောဆယ် အခိုက်အတန့်မှာ လကမ္ဘာသို့ ဒုံးပျံစီး၍ မသွားကြသေးပါ။ သို့သော် M.S.M တို့ ပြည့်တန်ဆာတို့ အတွက်တော့ စာနာသော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်စွမ်း ရှိကြသည် ။ ယနေ့တိုင် ဖန်တီးနိုင်သည် ဟု ဆိုချင်ပါသည် ။ ထို့ကြောင့် ယနေ့ပင် ဖွံ့ဖြိုးနိုင်သည် ။

နားလည်မှု၊ လေးစားမှုများ ပေးလျှင် အပြန်အလှန် လေးစားမှု ရှိကြပေမည်။ ကျန်းမာရေး အဆင့်အတန်း ဖွံ့ဖြိုးရေးအဆင့်အတန်း တိုးတက်လာနိုင်မည်ဟု ဆိုနိုင်ပါ၏။

**ကျမ်းကိုး**

- မြန်မာနိုင်ငံ ရာဇသတ်ကြီး ဥပဒေ

- မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ (ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ)

- အေအိုင်ဒီအက်စ် ကာကွယ်ရေးနှင့် သက်ဆိုင်ရာ ဥပဒေများ (ဒေါက်တာထွန်းဝင်း စာရေးသူကိုယ်တိုင်)

*